# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ

(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂။)

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတွင် -

(က) အခန်း (၄) ခေါင်းစဉ်ပါ "တာဝန်နှင့် လုပ်ပိုင်ခွင့်များ" ဆိုသည့် စကားရပ်ကို "ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) အခန်း (၆) ခေါင်းစဉ်ပါ "တာဝန်နှင့် လုပ်ပိုင်ခွင့်များ" ဆိုသည့် စကားရပ်ကို "ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၁။ (က) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၏ ကုန်ကျစရိတ်များ၊ ရွေးကောက်ပွဲ ကျင်းပခြင်းနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို မိမိ၏ ဘဏ္ဍာငွေမှ ကျခံသုံးစွဲရန် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဥပဒေတွင် ထည့်သွင်းရေးဆွဲရမည်။

(ခ) ကော်မရှင်သည် နိုင်ငံ့ဝန်ထမ်း မဟုတ်သည့်အဆင့်ဆင့်သော ကော်မရှင် အဖွဲ့ခွဲဝင်များ နှင့်ပတ်သက်၍ ရွေးကောက်ပွဲကျင်းပရသည့် မဲဆန္ဒနယ်မြေများအတွက် ချီးမြှင့်ငွေနှင့် စရိတ်များကို ရရှိခံစားနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်